# မာတိကာ

ထုတ်ဝေသူ၏ကျေးဇူးတင်စကား

အမှာစာ

ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)၏အတ္ထုပ္ပတ္တိအကျဉ်း

၁။ အမျိုးသားရေးအခြေခံဝံသာနုစိတ်ဓာတ်များပေါ်ပေါက်လာခြင်း

၂။ စာရေးသူ မွေးဖွားခြင်း

၃။ ငယ်ဘဝအတွေ့အကြုံများ

၄။ ထားဝယ်အကြောင်းသိကောင်းစရာ

၅။ မြန်မာပြည်နိုင်ငံရေးအခြေအနေ

၆။ အထက်တန်းကျောင်းသားဘဝနိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုများ

၇။ တက္ကသိုလ်ကျောင်းသားဘဝ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုများ

၈။ ၁၃၀၀ပြည့်အရေးတော်ပုံ

၉။ မြန်မာပြည်တော်လှန်ရေးလှုပ်ရှားဆောင်ရွက်မှုများ

၁၀။ တနင်္သာရီတိုင်းတာဝန်ခံ

၁၁။ ကျွန်ုပ်ဘဝတစ်ဆစ်ချိုး

၁၂။ သမိုင်းပေးတာဝန်

၁၃။ ရန်ကုန်ကို မည်သူသိမ်းသနည်း

၁၄။ ဖ. ဆ. ပ. လ၏ လွတ်လပ်ရေးကြိုးပမ်းမှုများ ၃၄၆

၁၅။ ပွဲကြီးပွဲကောင်း ၃၇၀

၁၆။ လွတ်လပ်ရေးအောင်ပွဲဆီသို့ ၄၀၀

၁၇။ မိုးသက်မုန်တိုင်းကျသည့်နေ့ ၄၄၈

နောက်ဆက်တွဲကဏ္ဍ

ဒေါ်နုနုဆွေ၏ ပါရမီဖြည့်ဆောင်ရွက်ချက်များ ၄၇၀

ဦးဗဆွေ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ် အမှတ်တရဓာတ်ပုံများ ၄၉၇

## အမှာစာ

ဝန်ကြီးချုပ်ဟောင်းဦးဗဆွေ၏ ကိုယ်တိုင်ရေးကိုယ်ရေးမှတ်တမ်းလက်ရေးမူ အတ္ထုပ္ပတ္တိမှာ စာရေးသူ မွေးဖွားချိန်မတိုင်မီကာလမှ ၁၉၄၈ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့ လွတ်လပ်ရေးရရှိချိန်ကာလအထိ သမိုင်းဖြစ်ရပ်များကိုနောက်ခံပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးရရှိချိန်နောက်ပိုင်းကာလမှ စာရေးသူကွယ်လွန်ချိန်ကာလအထိကို ရေးသားခဲ့ခြင်းမရှိပါ။ အဆိုပါ ကိုယ်ရေးမှတ်တမ်းလက်ရေးမူအတ္ထုပ္ပတ္တိမှ အချို့အစိတ်အပိုင်းများမှာလည်း ' တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ' ဦးဗဆွေ (ဝန်ကြီးချုပ်ဟောင်း) အမည်ဖြင့် ၁၉၇၁ခုနှစ်မှ ၁၉၇၂ခုနှစ်အထိ 'ရှေ့တူ'ဂျာနယ်တွင် အခန်းဆက်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုအထဲမှ ဆောင်းပါး ၂၄ပုဒ်ကိုလည်း ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင်မူလအမည်ဖြင့်ပင် 'ခေတ်ပြတိုက်စာပေ' မှထပ်မံ၍ထုတ်ဝေခဲ့ပါသည်။ သို့ရာတွင် အတ္ထုပ္ပတ္တိမှာ အလုံးစုံပြီးပြည့်စုံမှုမရှိသဖြင့် ယခုအခါ ကျန်ရှိနေသေးသော ရှေ့ပိုင်း ဦးဗဆွေ၏ငယ်စဉ်ဘဝ မှတ်တမ်းမှတ်ရာများနှင့် ယခင်ဆောင်းပါးများတွင် ထည့်ခွင့်မရခဲ့သော အကြောင်းအရာများကိုပါထပ်မံဖြည့်စွက်ကာ ဖော်ပြလိုက်ပါသည်။ ထိုသို့ဖော်ပြရာတွင်လည်း သမိုင်းနောက်ခံဖြစ်ရပ်အချို့မှ လိုအပ်သည်များကို ယူ၍ စာရေးသူ ပါဝင်ကျင်လည်ခဲ့သည့်လှုပ်ရှားမှုများကိုသာ အဓိကဦးစားပေး တင်ပြထားပါသည်။ စာလုံးပေါင်းသတ်ပုံ၊ အမည်၊ ခုနှစ်နှင့်အဖွဲ့အစည်းတည်ထောင်သည့်ခုနှစ်၊လ၊ရက် အချို့အပြင် စာတိုက် သပိတ်မှောက်သည့်ရက်စွဲနှင့် အမျိုးသားကြားဖြတ်အစိုးရအဖွဲ့ဝင်စာရင်းများကို ပြင်ဆင်ဖြည့်စွက်ဖော်ပြခဲ့ပါသည်။ အရေးအသားများမှာမူ မူလစာရေးသူမှ ရေးသားခဲ့သည့် လက်ရေးမူများအတိုင်းပင်ဖြစ်ပါသည်။

သို့ဖြစ်၍ စာဖတ်သူမိဘပြည်သူပရိသတ်များ၊ အထူးသဖြင့် သမိုင်းမှတ်တမ်းအချက်အလက်ရှာဖွေစုဆောင်းသူများ၊ နိုင်ငံရေးလေ့လာသူများ၊ ဦးဗဆွေ၏ အတ္ထုပ္ပတ္တိကိုအမှန်တကယ်သိလိုသူများနှင့် နိုင်ငံရေးဝါသနာပါသူ လူငယ်မျိုးဆက်သစ်များအတွက် အကျိုးရှိလိမ့်မည်ဟု ယူဆမိပါသဖြင့် ဦးဗဆွေမိသားစုမှ ထုတ်ဝေလိုက်ရပါသည်။

" နောက်ဆက်တွဲ "

ကျန်ရစ်သူမိခင်ကြီး၏ဆန္ဒအရ ခင်ပွန်းသည်နှင့် ပတ်သတ်၍ပါရမီဖြည့်ဆောင်ရွက်မှုများကိုပါ စာဖတ်သူများအား ဖတ်ရှုနိုင်ရန်အတွက် ပူးတွဲဖော်ပြလိုက်ရပါသည်။

မေတ္တာတရားရှေ့ထား၍
အားပေးသူ စာဖတ်ပရိတ်သတ်အပေါင်းအား
ကျေးဇူးဥပကာရတင်လျက်

နေညွန့်ဗဆွေ
(ဦးဗဆွေ မိသားစုကိုယ်စား)